# မုန်တိုင်း ကို ဖြတ်

အညိုရောင် ဆံကေသာနှင့် မှဲ့ခြောက်များရှိသော မျက်နှာကလေးဖြင့် အပြစ်ကင်းစင်သည့် ရုပ်သွင်ရှိသော ဤချစ်စရာ မိန်းကလေးငယ်သည် အသက် (၆)နှစ်မျှသာ ရှိပေဦးမည်။ သူမ၏ မိခင်သည် ကြေးနီရောင် ဘောင်းဘီတို၊ အပြာနုရောင် ဇာထိုးပန်းထိုး အင်္ကျီနှင့် ပတ္တူဖိနပ် ဝတ်ဆင်ထားပါသည်။

အပြင်၌ သဲကြီးမဲကြီး ရွာသွန်းနေသော မိုးသည် ရေတံလျှောက်မှတဆင့် မြေပြင်ပေါ်သို့ ကျရောက်လာရာ မိုးရေခံပိုက်ခေါင်းထိပ်မှရေများ စီးကျရန် အချိန်ပင် မရခဲ့ပါ။ အနီးအနားရှိ ကားရပ်ရာနေရာမှ ရေမြောင်းများမှာလည်း ပိတ်ဆို့နေပါသည်။ ရပ်နားထားသည့် ကားများအနီးတဝိုက်တွင် ဗွက်အိုင်ကြီးများ ဖြစ်ထွန်းနေပါသည်။ ကျွန်ုပ်တို့အားလုံး ဆိုင်၏အမိုးအောက် သို့မဟုတ် စတိုးဆိုင်၏ အတွင်း၌ ရပ်နေကြပါသည်။ ကျွန်ုပ်တို့ထဲမှ တစ်ချို့သည် စိတ်ရှည်စွာဖြင့် စောင့်ကြသလို အခြားသူများမှာလည်း မခံချိ မခံသာဖြစ်လျက် စောင့်နေကြရခြင်းမှာ ၎င်းတို့ အလောတကြီး ဖြစ်နေသည့်နေ့ကို သဘာဝက ရှုပ်ထွေးအောင် ပြုလုပ်ခဲ့သောကြောင့်ဖြစ်သည်။

ရွာသွန်းသောမိုးရေချိန်က အမြဲတမ်း ကျွန်တော့်ကို ညို့ယူဖမ်းစားထားနိုင်ခဲ့ပါသည်။ ကမ္ဘာကြီး၏ အညစ်အကြေးနှင့် ဖုံမှုန့်များကို ကောင်းကင်ဘုံမှ ဆေးကြောပစ်သည့်အသံနှင့် မြင်ကွင်းတို့၌ ကျွန်ုပ် နစ်မြောနေမိပါသည်။ ကလေးများအနေနှင့် ပူပင်ကြောင့်ကြမှုကင်းမဲ့စွာ ပြေးလွှား၍ ရေပက်ကစားခဲ့ကြသည့် အဖြစ်အပျက်များကို ပြန်လည်အမှတ်တရဖြစ်ခြင်းက ကျွန်တော့်ကို ထိုနေ့ စိုးရိမ်ပူပန်မှုများမှ သက်သာခွင့် ရရှိစေသကဲ့သို့ ဖြစ်ခဲ့ရပါသည်။

ကျွန်တော်တို့အားလုံး မိန်းမော၍ စိတ်ဝင်စားစွာ ကြည့်နေခိုက် သူမ၏ ချိုသာသောအသံကလေးက ရုတ်တရက် တိတ်ဆိတ်မှုကို ဖြိုခွင်းလိုက်သည်။ သူမက "မေမေ မိုးရေထဲမှာ ပြေးသွားကြရအောင်" ဟု ပြောလိုက်ပါသည်။

သူမ မိခင်က "မလုပ်နဲ့သမီးငယ်" "မေမေတို့က မိုးနည်းနည်း လျော့သွားတဲ့အထိ စောင့်ရဦးမယ်"ဟု ပြန်ဖြေလိုက်ပါသည်။

ထိုကလေးငယ်သည် နောက်ထပ်တစ်မိနစ်ခန့် စောင့်ဆိုင်းပြီး တဖန် ပြန်ပြောပြန်သည်။ "မေမေ မိုးရေထဲမှာ ပြေးကြရအောင်" ဒီလိုလုပ်ရင် မေမေတို့ စိုရွှဲကုန်မှာပေါ့"ဟု မိခင်ဖြစ်သူက ပြောရာ "ဒီလိုမဖြစ်ဘူးမေမေ၊ မနက်တုန်းက မေမေပြောတဲ့စကားက ဒီလိုမဟုတ်ပါဘူး" ထိုသို့ ပြောဆိုပြီးလျှင် မိန်းကလေးငယ်က သူမ မိခင်၏ လက်မောင်းကို ဆောင့်ဆွဲလိုက်ပါသည်။

"ဒီမနက်ဟုတ်လား? ဘယ်အချိန်တုန်းက မေမေတို့တတွေ မိုးရေထဲကိုပြေးရင် မိုးမစိုနိုင်ဘူးလို့ ပြောခဲ့လို့လဲ?"

"မေမေ မမှတ်မိဘူးလား" ဖေဖေ့ကို သူ့ရဲ့ ကင်ဆာရောဂါနဲ့ပတ်သက်လို့ မေမေပြောတုန်းကလေ " တကယ်လို့ ဘုရားသခင်က တို့ကို ဒီအရာက ကျော်ဖြတ်နိုင်စေမယ်ဆိုရင် အရာခပ်သိမ်းကို ကျော်ဖြတ်နိုင်ဖို့ သူလုပ်နိုင်မှာဘဲ"။

လူစုလူဝေးတစ်ခုလုံး တိတ်ဆိတ်ငြိမ်သက် သွားပါတော့သည်။ မိုးရွာသံမှလွဲ၍ ဘာသံမျှ မကြားရတော့ပါ။ ကျွန်ုပ်တို့အားလုံး တိတ်ဆိတ်စွာ ရပ်နေကြပါသည်။ နောက်ထပ်မိနစ်အနည်းငယ် အထိ မည်သူမျှ ရောက်ရှိမလာသလို မည်သူမျှလည်း ထွက်ခွာမသွားကြပါ။ မိခင်ဖြစ်သူက ရပ်၍ သူမ ဘာကိုပြောရမည်နည်းဟု စဉ်းစားနေခဲ့ပါသည်။

အချို့သောသူများက ဤအကြောင်းနှင့်ပတ်သက်၍ ရယ်မောပစ်လိုက်ပြီး တစ်ချို့က ဦးနှောက်မရှိသည့် ကလေး၏ အတွေးကြောင့် သူ့ကို ကြိမ်းမောင်းနေကြလိမ့်မည်။ အချို့က ဤအခြင်းအရာကို လျစ်လျူပြု၍ပင် နေလိုက်မည်။ သို့သော် ယင်းသည် ကလေးငယ်၏ ဘဝ၌ အခိုင်အမာအတည်ပြု ပြောဆိုသည့်အချိန်အခိုက်အတန့်ကလေးဖြစ်ပါသည်။ ထိုအချိန်၌ အပြစ်ကင်းစင်သော ကလေးငယ်၏ ယုံကြည်မှုကို မြေတောင်မြှောက်ပေးလိုက်လျှင် ဘုရားသခင်အား ယုံကြည်ခြင်းအဖြစ် ကြီးထွားပွင့်လန်းလာမည်ဖြစ်သည်။

"အချစ်ကလေး သမီးပြောတာ လုံးဝမှန်ပါတယ်ကွယ်။ မိုးရေထဲကို ပြေးကြစို့။ ဘုရားသခင်က မေမေတို့ကို မိုးစိုစေမယ်ဆိုရင်လည်း မေမေတို့ဟာ သန့်စင်အောင် ဆေးကြောဖို့ လိုနေလို့ဘဲ ဖြစ်လိမ့်မယ်"ဟု မိခင်ဖြစ်သူက ပြောလိုက်ပါသည်။

ထို့နောက်သူတို့သည် ပြေးထွက်သွားကြပါတော့သည်။ သူတို့လှစ်ခနဲပြေး၍ ကားများနှင့် ဗွက်အိုင်များအား ဖြတ်သွားသည်ကို ကျွန်ုပ်တို့အားလုံး ပြုံးရွှင်ခြင်း ရယ်မောခြင်းတို့ဖြင့် ကြည့်နေကြပါသည်။ သူတို့က သက်သာလို သက်သာငြား ဈေးဝယ်အိတ်များကို ခေါင်းပေါ်တင်၍ ပြေးကြပါသည်။ သူတို့ စိုရွှဲသွားကြပါသည်။ သို့သော် သူတို့သည် အနည်းငယ်သော ယုံကြည်သူများ၏ လမ်းစဉ်ကိုလိုက်လျက် ယုံကြည်ခြင်းနှင့် ကိုးစားခြင်းတို့၏ စေ့ဆော်မှုကြောင့် တစ်လမ်းလုံး ကလေးများကဲ့သို့ အော်ဟစ်လိုက်၊ ရယ်မောလိုက်နှင့် သူတို့၏ ကားဆီသို့ ပြေးသွားကြပါသည်။

ဘဝအသက်တာ ခရီးလမ်းတလျှောက် တစ်ချိန်ချိန်တွင် ထိုမိခင်သည် သူတို့ အတူတကွ ကုန်လွန်ခဲ့ရသည့်အချိန်လေးများကို မိမိကိုယ်တိုင် ပြန်လည်မြင်ယောင်နေမည်ဖြစ်ရာ ပုံဆွဲစာအုပ်ထဲမှ ရုပ်ပုံများအလား သူမ၏ အမြတ်တနိုးထားရာ မှတ်ဉာဏ်ထဲ သိမ်းဆည်းထားသည့် ထိုအခြင်းအရာ။ ဘုရားသခင်သည် မိမိတို့ နှစ်ယောက်အား ထိုအခြေအနေကို ဖြတ်သန်းနိုင်စေလိမ့်မည်ကို ယုံကြည်လျက် မိုးရေထဲ နှစ်ယောက်သား ပြေးလွှားခဲ့ကြသည့် ထိုအဖြစ်အပျက်ကလေးအပေါ် မိမိကိုယ်တိုင် ပြန်လည်တွေးတော စဉ်းစားနေမိကြောင်းတွေ့ရလိမ့်မည်ဟု ကျွန်တော်ယုံကြည်လိုက်ချင်သည်။

ဟုတ်ပါသည်။ကျွန်တော်လည်း လိုက်ပြေးခဲ့ပါသည်။ ကျွန်တော် ရွှဲရွှဲစိုခဲ့ရသည်။ ဆေးကြောသန့်စင်မှုကို ကျွန်တော်လိုအပ်ခဲ့သည်။

---

**ဖခင်၏ မေတ္တာသည် မျှော်လင့်မထားဆုံးအချိန်မှစ၍ ရုတ်တရက် ရွာသွန်းသော မိုးရေနှင့်တူပြီး သင့်အား အံ့ဩခြင်းနှင့် ချီးမွမ်းခြင်းတို့ကို ဖြစ်စေပါလိမ့်မည်။**

**Richard J.Foster**

---

**လင်းယုန်ငှက်များသည် မုန်တိုင်းမကျမီ အချိန်ကြာမြင့်စွာကတည်းကပင်မုန်တိုင်း ချဉ်းကပ်လာကြောင်းကို သိသည်ဆိုခြင်းအား သင်သိခဲ့ပါသလား? လင်းယုန်ငှက်သည် အမြင့်တစ်နေရာသို့ ပျံသန်းပြီး လေအလာကို စောင့်နေပေလိမ့်မည်။ မုန်တိုင်း တိုက်ခတ်သောအခါ သူ၏ အတောင်ပံများကို အခွင့်သင့် ပြင်ဆင်ထားသောကြောင့် လေက သူ့အား မုန်တိုင်း၏ အပေါ်သို့ ပင့်တင်ပေးပါလိမ့်မည်။မုန်တိုင်းသည် အောက်တွင် ဒေါသတကြီး တိုက်ခတ်နေစဉ် လင်းယုန်ငှက်သည် မုန်တိုင်း၏အပေါ်သို့ တဟုန်ထိုး ပျံတက်နေပါလိမ့်မည်။**

**မုန်တိုင်းများသည် ကျွန်ုပ်တို့၏ အပေါ်သို့ ကျော်လွှားရန် မရှိပါ။ ကျွန်ုပ်တို့၏ စိတ်နှင့် ယုံကြည်ခြင်းကို ဘုရားသခင်ထံ ရှေးရှု၍ ပြင်ဆင်ထားခြင်းအားဖြင့် ကျွန်ုပ်တို့ကို မုန်တိုင်းများအပေါ်သို့ ပင့်တင်ပေးမည့် ဘုရားသခင်၏ တန်ခိုးတော်ကို ခွင့်ပေးနိုင်ပါလိမ့်မည်။ကျွန်ုပ်တို့သည် မုန်တိုင်းအပေါ်၌ ပျံတက်နိုင်ပါလိမ့်မည်။**

---

**ထာဝရဘုရားကို မျှော်လင့်သော သူတို့မူကား အားပြည့်ကြလိမ့်မည်။ ရွှေလင်းတကဲ့သို့ မိမိတို့အတောင်ကို အသစ်ပြုပြင်ကြလိမ့်မည်။ ပြေးသော်လည်း မပင်ပန်း၊ ခရီးသွားသော အခါ မမောရကြ။ ဟေရှာယ ၄၀:၃၁**